# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

# ဗဟိုစာရင်းအင်းအဖွဲ့

# မြန်မာနိုင်ငံ၏ Social Accounting Matrix (SAM) တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် Analytical Paper များရေးသားရန် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expressions of Interest) ခေါ်ယူခြင်း

၁။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ Social Accounting Matrix (SAM) လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဒိန်းမတ်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် UNU-WIDER မှ နည်းပညာအကူအညီရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် SAM လုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် Analytical Paper (၄) စောင် ရေးသားပြုစုရန်အတွက် စိတ်ဝင်စားသူများကို ငှားရမ်းအသုံးပြုသွားမည် ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရမည်ဖြစ်ပါသည်-

- အမှတ်စဉ် (၃) တွင် ဖော်ပြထားသည့် နယ်ပယ်များမှ မိမိတို့စိတ်ဝင်စားသော နယ်ပယ်နှင့် သက်ဆိုင်သည့်စာတမ်းအား ရေးသားပြုစုရန်၊
- ရေးသားပြုစုမည့်နယ်ပယ်နှင့်စပ်လျဉ်းသော သုတေသနမေးခွန်းများကို တုံ့ပြန်ရန် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များ စုစည်းဆောင်ရွက်ရန်နှင့် Abstract တွင် ဖော်ပြထားသော လေ့လာဆန်းစစ်ချက်ကို ပြီးစီးအောင် ဆောင်ရွက်ရန်၊
- စာတမ်းရေးသားပြုစုစဉ်ကာလအတွင်း ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNU-WIDER မှ Professor များနှင့် ဆွေးနွေးညှိနှိုင်းမှု ဆောင်ရွက်နိုင်မည့် အချိန်ကာလနှင့် စီမံကိန်းပြီးဆုံးသည့် ဩဂုတ်လ (၁၅) ရက်နေ့မတိုင်မီ စာတမ်းအား ပြန်လည်ဆန်းစစ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် စာတမ်းတင်သွင်းနိုင်မည့် အချိန်ကာလတို့ကို အဆိုပြုတင်ပြရန်၊
- မိမိရွေးချယ်ထားသည့် နယ်ပယ်အတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နောက်ခံအကြောင်းအရာများကိုပြင်ဆင်ပေးရန်နှင့် SAM/CGE လေ့လာမှုများအတွက် လိုအပ်သောရရှိနိုင်မည့် နည်းပညာဆိုင်ရာ သတ်မှတ်ချက် (Technical Parameters) နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ပါဝင်ရပါမည်။ (ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်အသေးစိတ်ကို ပူးတွဲပါ Call for Proposals တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။)

၃။ အောက်ဖော်ပြပါနယ်ပယ်များနှင့် စပ်လျဉ်း၍ ရေးသားပြုစုရမည်ဖြစ်ပါသည်-

(၁) Climate change and agricultural productivity in Myanmar (Case study for CGE Paper)

(၂) Labour market projections and time allocation (Case study for CGE Paper)

(၃) Taxation and Income Distribution in Myanmar (Case study for CGE Paper)

(၄) Potential Impacts of Electricity shortages and Price Increases (background work for a SAM Multiplier Analysis Paper)

၄။ သတ်မှတ်ထားသောအရည်အချင်းနှင့် အတွေ့အကြုံများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူမှုရေးသိပ္ပံ (သို့မဟုတ်) စီးပွားရေးဘာသာရပ် (သို့မဟုတ်) စာရင်းအင်းဘာသာရပ် (သို့မဟုတ်) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် မဟာဘွဲ့ရရှိသူ ဖြစ်ရမည်။

(ခ) SAM အချက်အလက်များနှင့် Economy-Wide Modeling ကို လေ့လာသင်ယူနားလည်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

(ဂ) အင်္ဂလိပ်စာအရေးအသားကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းများ ရေးသားသည့် အတွေ့အကြုံ ရှိရမည်။

(င) ကိုယ်ရည်ကိုယ်သွေးကောင်းမွန်၍ SAMလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်လျောညီထွေ လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(စ) ကောင်းမွန်သော လူမှုဆက်ဆံရေးကွန်ယက်ရှိသူ ဖြစ်ရမည်။

၅။ ဆောင်ရွက်ရမည့်ကာလမှာ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၁၅) ရက်နေ့မှ ဩဂုတ် (၁၅) ရက်နေ့အထိ (စုစုပေါင်း ၂ လ) ဖြစ်ပြီးမိမိအိမ်(သို့မဟုတ်) မိမိရုံးတွင် ဆောင်ရွက်နိုင်ပါသည်။ (ရေးသားမည့်စာတမ်းနှင့် ပတ်သက်၍ နေပြည်တော်တွင် အစည်းအဝေး ကြိမ်ရေအနည်းငယ် ပြုလုပ်မည်ဖြစ်ပါသည်။ ထို့ပြင် SAM/CGE analysis အကောင်အထည်ဖော် ဆောင်ရွက်နေသော SAM team နှင့်ကနဦးဆွေးနွေးမှုများပြုလုပ်ခြင်းအပါအဝင် သက်ဆိုင်ရာExpert နှင့်လည်းအီးမေးလ်ဖြင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် လိုအပ်ပါသည်။)

၆။ လျှောက်ထားလိုသူများသည် မိမိတို့ စိတ်ဝင်စားသောနယ်ပယ်နှင့် သက်ဆိုင်သည့် **စာတမ်း၏ Abstract** နှင့် **Application Form** တို့အား ၂၀-၅-၂၀၂၀ ရက်နေ့၊ ညနေ (၄) နာရီ နောက်ဆုံးထား၍

**(သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနစိတ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာနရုံးအမှတ်(၃၂)၊ နေပြည်တော်**) သို့ ပေးပို့ရမည်ဖြစ်ပြီးအီးမေးလ်ဖြင့် ပေးပို့လိုပါက **csoeds@ gmail.com**သို့ ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက ဖုန်း– ၀၆၇–၃၄၀၆၃၅၁ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပြီး csoeds@gmail.com သို့လည်း အီးမေးလ်ပို့၍ မေးမြန်းနိုင်ပါသည်။